www.free4reader.com

ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

ဂျာနယ်

# Crime News Journal

**ကူညီပါရစေ**

[illegible]

အတွဲ(၂၀)၊ အမှတ်(၄၅)

၇ ရက်၊ စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်

## လမ်းတွေပေါ်မှာ အုပ်စုဖွဲ့ပြီး အရက်ဖိုး ဆေးဖိုးရအောင် လိုက်လုပ်နေကြတဲ့ လူငယ်လေးတွေ

လေဘာတင်စရာမလို တရားစခန်းဝင်လိုက်တာနဲ့ ငွေကျပ်တစ်သိန်းနဲ့အတူ အလုပ်ပါရတဲ့နေရာ လှိုင်မဟာစည် သာသနာ့ရိပ်သာကိုသွားကြပါ စာ(၁၁)သို့



## အသက်ငါးဆယ်ကျော်အရွယ် အမျိုးသမီးကြီးကိုသတ်ပြီး

စာ(၆)သို့ ရွှေငွေပစ္စည်းများယူဆောင်သွားသူ တရားခံနှင့်

အား ပေး ကူ ညီ ခဲ့ သူ အား သေ ဒဏ် ချ မှတ် လိုက် တဲ့ ဖြစ် ရပ်

## ဆင်းသွားတဲ့ဇနီးကိုပြန်ချော့ခေါ်လာပြီး

လမ်းရောက်မှ ဓားနဲ့ခုတ်သတ် ရက်စက်တဲ့လင် ဖမ်းလိုက်ပြီ စာ(၁၀)သို့

ရုပ်ရှင်သရုပ်ဆောင်

# မိုးအောင်ရင်ကို

မူးယစ်ဆေးဝါးမှုနှင့် ၎င်း၏ချစ်သူအိမ်တွင် ဖမ်းမိလိုက်ခြင်းနှင့်

၎င်း၏ဖခင် အဆိုတော်အောင်ရင်၏ဖေ့စ်ဘုတ်ပေါ်က ပြောလိုက်တဲ့

စာ(၄)သို့ မိဘတစ်ယောက်ရဲ့ သောက ဒေါသ

သူ့ကိုယ်သူ အပြစ်တင်စကားများ

## မရီးကိုသတ် တူမလေးကိုလည်ပင်းညှစ် ရိုက်နှက်ခဲ့တဲ့

## ဖဟန်းမြို့နယ်က အမျိုးသမီးတစ်ဦးကိုသတ်မှု

စာ(၉)သို့

စာ(၂၅)သို့

## ကျုံးတဲ့နေအိမ်အတွင်းမှာ ပူးတွဲအိပ်နေတဲ့ မောင်နှမနစ်ယောက်ထဲက

စတုတ္ထတန်းကျောင်းသူ ၉ နှစ်အရွယ်မိန်းကလေးအား အိမ်ချင်းကပ် နဝမတန်းကျောင်းသားလေးတစ်ဦးက

အ ဓ မ္မ ပြု ကျင့် ဖို့ ကြိုး စား လို့ မိ ခင် ဖြစ် သူ က ရဲ တိုင်

www.free4reader.com



# အသိတရားနဲ့ယှဉ် မှုခင်းကင်းစင်

ရှင်တော်ဗုဒ္ဓ၏အဆုံးအမများ၊ ဆရာတော်များ၏ အဆိုအမိန့်များကို အခြေခံ၍ ဆရာကာတွန်းစိန်ကြီးမှ သူ၏အတတ်ပညာဖြင့် ရေးသားပုံဖော်ထားသည်များအား မှုခင်းကြီးကာအဖြစ် မှုခင်းသတင်းဂျာနယ်ပရိသတ်အတွက် အပတ်စဉ် ဖော်ပြပေးသွားပါမည်။



# ကော့ကရိတ်မြို့တွင်လည်း သားအရင်းဖြစ်သူက ဖခင်အရင်းဖြစ်သူကို တုတ်ဖြင့်ရိုက်သတ်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့ ရေကျော်ကြီးကျေးရွာတွင် သားအရင်းဖြစ်သူမှ ဖခင်အရင်းဖြစ်သူအား အိမ်ပေါ်မှတွန်းချကာ သစ်သားတုတ်ဖြင့်ရိုက်နှက်မှုကြောင့် လူသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဩဂုတ် ၁၇ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲအချိန်ခန့်တွင် ဦးအေးလှိုင်(၅၃)နှစ်၊ ရေကျော်ကြီးကျေးရွာ ရာအိမ်မှူးထံသို့ တစ်ရွာတည်းနေ မအေးသစ်(၃၈)နှစ်ဆိုသူ ရောက်ရှိလာခဲ့ပြီး မောင်ဖြစ်သူ ပိုင်စိုး(၂၈)နှစ်မှ ဖခင်အရင်းဖြစ်သူ ဦးသောင်းအေး(၆၂)နှစ်နှင့် စကားများပြီး ဖခင်အရင်းဖြစ်သူအား အိမ်ပေါ်မှ အတင်းတွန်းချကာ သစ်သားတုတ်ဖြင့် ရိုက်နှက်သဖြင့် ဖခင်ဖြစ်သူ ဦးသောင်းအေးမှာ သေဆုံးသွားခဲ့ကြောင်း လာရောက်တိုင်ကြားသဖြင့် အခင်းဖြစ်နေအိမ်သို့ ဦးအေးလှိုင်(ရေကျော်ကြီးကျေးရွာရာအိမ်မှူး)မှ လိုက်ပါသွားခဲ့ပြီး သွားရောက်ကြည့်ရှုရာ ဦးသောင်းအေးမှာ နေအိမ်ဘုရားစင်ရှေ့တွင် ပက်လက်အနေအထားဖြင့် ဦးခေါင်းနောက်စေ့ ကြေမွဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၏။

ထိုကြောင့် ဖြစ်စဉ်အားစစ်ဆေးရာ ဩဂုတ်လ ၁၇ ရက်နေ့ နံနက် ၁၁ နာရီခွဲ အချိန်တွင် ဦးသောင်းအေး(သေဆုံးသူ)မှာ နေအိမ်ပေါ်၌ ထမင်းစားနေစဉ် သားဖြစ်သူ ပိုင်စိုးမှာ ရွာထဲမှပြန်လာသည်ကိုတွေ့ရှိရသဖြင့် အလုပ်မလုပ်ဘဲ သွားချင်ရာသွား နေချင်ရာနေပြီး ထမင်းစားချိန်မှ ပြန်လာရသလားဟု ကြိမ်းမောင်းစဉ် စကားများပြီး သားဖြစ်သူပိုင်စိုးမှ ဖခင်အရင်းဖြစ်သူ ဦးသောင်းအေးအား နေအိမ်ပေါ်မှတွန်းချခဲ့ပြီး ဦးသောင်းအေး လဲကျနေစဉ် အိမ်ဘေးနား၌တွေ့ရှိရသော အရှည် ၄ပေ ၁၀လက်မရှိ သစ်သားတုတ်ပိုင်းဖြင့် ရိုက်နှက်သောကြောင့် သေဆုံးခဲ့ကြောင်း သိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်အောင်ထံ အကြောင်းကြားခဲ့ပြီးနောက် ဦးချစ်အောင်မှ တစ်ဆင့် ကော့ကရိတ်မြို့မရဲစခန်းသို့ ဆက်လက်အကြောင်းကြားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိမိ၏ဖခင်အရင်းအား ရိုက်နှက်သတ်ဖြတ်ခဲ့သည့် တရားခံပိုင်စိုး(၂၈)နှစ်အား ကော့ကရိတ်မြို့မရဲစခန်းမှ (ပ)၇၃/၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်ဝင်းလှိုင်(ကော့ကရိတ်)

# မြောက်ပိုင်းခရိုင်(အထူး)အဖွဲ့က နယ်မြေခံရဲတပ်ဖွဲ့နဲ့ လုယက်မှုများဖော်ထုတ်လိုက်ပြန်ပြီ

အတာ (မှုခင်း)

၁-၈-၂၀၁၆ ရက်နေ့ မွန်းလွဲ ၂ နာရီ ၄၀ မိနစ်အချိန် တရားလိုသည် ထောက်ကြန့်တိုးဂိတ်မှ အမှတ် ၃ လမ်းအတိုင်း အိမ်ပြန်လာစဉ် မိုင်တိုင်အမှတ် ၃/၁ အရောက်တွင် ဆိုင်ကယ်တစ်စီးမှ ကျော်တက်ပြီး တရားလို၏ဆိုင်ကယ် အရှေ့ဘီးအားဝင်တိုက်ပြီး ဆိုင်ကယ်ရပ်သွားစဉ် သော့အားဆွဲဖြုတ်ပြီး ဆိုင်ကယ်ပေါ်မှဆင်းရန် တရားလို၏အင်္ကျီအား ဆောင့်ဆွဲပြီး လည်ပင်းမှဆွဲကြိုးအားဖြုတ်၍ ဆိုင်ကယ်နှင့် ဆိုင်ကယ်ရှေ့ခြင်းတွင် ထည့်ထားသောပစ္စည်းများအား လုယူမောင်းနှင်ထွက်ပြေးသွားသဖြင့် ဥပဒေအရ အရေးယူပေးရန် တိုင်တန်းမှုဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးတို့မှ မြောက်ပိုင်းခရိုင်နယ်မြေအတွင်း ဆိုင်ကယ်ဖြင့် မကြာခဏလုယက်မှုများ ကျူးလွန်နေ၍ ပြည်သူများ အထိတ်တလန့်ဖြစ်နေမှုအပေါ် အမြန်ဆုံးစုံစမ်းဖော်ထုတ်ဖမ်းဆီးရန် မြောက်ပိုင်းခရိုင်မှုခင်းနှိမ်နင်းရေးဌာနစု အား တာဝန်ပေးအပ်ခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်မှုဖြင့် မြောက်ပိုင်းခရိုင်၊ မှုခင်းနှိမ်နင်းရေးဌာနမှ ဌာနစုမှူးရဲအုပ်ထွန်းလင်း ဦးစီး၍ ဒုရဲအုပ် ကျော်စိုးမိုး၊ ရဲတပ်ကြပ်ကြီးထွန်းထွန်း





ဝွေ၊ ရဲတပ်ကြပ်ကျော်ဇေဝင်း၊ ရဲတပ်သားထွန်းလှိုင်မြင့်တို့သည် အဖွဲ့ငယ်များခွဲ၍ ဖြစ်ချက်ပေါင်းရှိ တရားခံများအားစုံစမ်းခြင်း၊ ဖုန်းတည်နေရာစုံစမ်းခြင်း၊ နဝလီရွှေဆိုင်များသို့ ပစ္စည်းပျောက်တတ်ပုံမှတ်တမ်းဖြင့် ဖြန့်ဝေစုံစမ်းခြင်း၊ အမှာခံသတင်းပေးများဖြင့် သတင်းစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ တရားလို၏ပါဆုံးသွားသော ဖုန်းအမှတ် ၀၉၇၈××××ဖုန်းမှတ်နေ၍ လူငယ်အမျိုးသားတစ်ဦး ကိုင်ဆောင်ထားကြောင်း၊ ဆက်သွယ်မှုရရှိပြီး ဖုန်းကိုင်ဆောင်ထားသူ လူငယ်အမျိုးသားထံသို့ မိမိအမာခံသတင်းပေး အမျိုးသမီးတစ်ဦး အကူအညီရယူ ဆက်သွယ်ကာ မင်္ဂလာဒုံမြို့နယ်၊ ပြည်လမ်းရှိ "သမြေရိပ်" လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံရန်ချိတ်ဆက်ခေါ်ဆောင်၍ ဖမ်းဆီးခဲ့သည်။

တရားလိုမှ လုယူခံရသည့် သက်သေခံဖုန်းကိုင်ဆောင်သူမှာ အောင်မင်းမင်းထွန်း(၁၉)နှစ်၊ ချင်းတွင်းလမ်း၊ ၆/၉ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေသူ ဖြစ်ပြီး ၉-၈-၂၀၁၆ ရက်ညနေ ၄ နာရီ ၂၀ မိနစ်အချိန်တွင်တွေ့ရှိ၍ ခေါ်ယူစစ်မေးရာ သက်သေခံပစ္စည်းဖုန်းမှာ ၎င်း၏အစ်ကိုဖြစ်သူမှ ပေးထားသည့်ဖုန်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်း၏အစ်ကိုတော်စပ်သူ တရားခံဝေယံအောင်(ခ)ဝေယံ(၂၁)နှစ်၊ ချင်းတွင်းလမ်း၊ ၆/၉ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေသူအား ရွှေပြည်သာမြို့နယ်၊ ၆ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဆေးခန်းမှတ်တိုင်အနီး လမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းအားစစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ ထွန်းထွန်းဝေ(ခ)သားကြီး၊ ချစ်စိုး(ခ)စိုးကြီး၊ နိုင်ဝင်းထွေး(ခ)ကုလားတို့ ၄ ဦးသည် အမှတ် ၃ လမ်းမပေါ်၌ ဆိုင်ကယ်စီးလာသူ အမျိုးသမီးတစ်ဦးထံမှ ဆိုင်ကယ်၊ ရွှေဆွဲကြိုးတစ်ကုံး၊ ဖုန်း ၃ လုံးနှင့် ငွေကျပ် ၁၀၀၀ တန် ၁၀၀ ရွက်တို့အား လုယူခဲ့ကြောင်း၊ ၎င်းအပြင် လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်တို့တွင်လည်း လုယက်မှုများ ကျူးလွန်ခဲ့ကြောင်း၊ ၎င်းတို့အဖွဲ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ နိုင်ရွှေဝါလမ်းနေ ကျော်ထူး(ခ)သန်းထွန်းကြွယ်ဆိုသူလည်း လုယက်မှုကျူးလွန်ရာတွင်ပါဝင်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

မြောက်ပိုင်းခရိုင်၊ မှုခင်းနှိမ်နင်းရေးဌာနမှ ဌာနစုမှူး ရဲအုပ်ထွန်းလင်း ဦးစီးသောအဖွဲ့သည် ထောက်ကြန့်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဖမ်းဆီးခဲ့ရာ ၁၀-၈-၂၀၁၆ ရက် ည ၁၀ နာရီ ၄၀ မိနစ်အချိန်တွင် ထွန်းထွန်းဝေ(ခ)သားကြီး(၂၅)နှစ်၊ မဂ္ဂ(၂)လမ်း၊ ဥဩရပ်

➤➤➤ စာမျက်နှာ(၂၅)သို့

www.free4reader.com



## လှည်းကူးမြို့နယ် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အမျိုးသား(၃)ဦးထံမှ

# တုတ်၊ ဓားလက်နက်များနှင့် လေးခွများ တွေ့ရှိသိမ်းဆည်းရမိ



နေလင်းထက်၊ နောင်နောင်လွင်နှင့်လင်းလင်းအောင်

၂၇-၈-၂၀၁၆ ရက်နေ့ နံနက် ၂ နာရီခွဲအချိန်ခန့်တွင် လှည်းကူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှည်းကူးမြို့နယ်၊ မင်းလှွင်ကုန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ဆေးရေးတာဝန်ဆောင်ရွက်စဉ် ပဲခူးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော 5C/×××× Toyota Hilux Surf ယာဉ်အား ရပ်တန့်ရှာဖွေမှုများ ဆောင်ရွက်ကြသည်ဟုဆို၏။

ထိုသို့စစ်ဆေးရှာဖွေစဉ် ယာဉ်ရှေ့ခန်းတွင် ယာဉ်မောင်းဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ နေလင်းထက်(၂၅)နှစ်နှင့်အတူ ယာဉ်နောက်ခန်း၌ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်နေ လင်းလင်းအောင်(၂၃)နှစ်နှင့် ရွှေပြည်သာမြို့နယ်နေ နောင်နောင်လွင်(၂၈)နှစ်တို့ လိုက်ပါလာသည်ကို တွေ့ရှိရပြီး ယာဉ်မောင်း၏ဝဲဘက်ထိုင်ခုံပေါ်မှ ကျွဲချိုလေးခွတစ်လက်နှင့် ထိုင်ခုံအောက်မှ အရှည် ၂၀ လက်မခန့်ရှိ သံချောင်းတစ်ချောင်း၊ ယာဉ်နောက်ခန်းထိုင်ခုံပေါ်ရှိ အစိမ်းရောင်လွယ်အိတ်အတွင်းမှ ကျောက်စရစ်ခဲများနှင့် သောက်တလုံးများ၊ ဂျင်ကလိပစ်ရာတွင် အသုံးပြုသည့် သစ္စာလေးခွတစ်လက်၊ သံကုံးသီးများ၊ ယာဉ်မောင်း နေလင်းထက်၏ဝဲဘက်ပေါင်တွင် ပတ်ထားသောအဝတ်အတွင်းမှ အရှိုးအသွား ၁၄ လက်မခွဲခန့်ရှိ ဓားအိမ်စွပ်လျက် ဓားဦးချွန်တစ်ချောင်း၊ ယာဉ်မောင်းထိုင်ခုံနောက်ကျောမှ အရှိုးအသွား ၉ လက်မခန့်ရှိ သံရိုးတပ်ဓားဦးချွန်တစ်ချောင်း၊ ယာဉ်၏နောက်ခန်းအတွင်းမှ အပြာရောင်ပုဆိုးကွက်စိပ်ဖြင့်ပတ်လျက် အရှိုးအသွား ၂၉ လက်မခန့်ရှိ ဓားရှည်တစ်ချောင်း၊ အရှိုးအသွား ၂၂ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ အရှိုးအသွား ၁၃ လက်မခွဲခန့်ရှိ နှစ်ဖက်သွားဓားဦးချွန်တစ်ချောင်း၊ အရှိုးအသွား ၇ လင်မခွဲခန့်ရှိ ဦးချွန်သံပိုက်တစ်ချောင်း၊ အရှည် ၁၂ လက်မခန့်ရှိ အနက်ရောင်သံပိုက်တစ်ချောင်း၊ အရှည် ၁၈ လက်မခန့်ရှိ မှလီခေါင်းတပ်လျက် သံပိုက်တစ်ချောင်း၊ ဝါးချောင်းများတပ်လျက် ဂျင်ကလိ ၅ ချောင်း၊ အရှည် ၂၅ လက်မခန့်ရှိ ကော်ပိုက်တစ်ချောင်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



သတ်သေခံပစ္စည်းများ

ယင်းသို့ ဓားလက်နက်များ၊ လေးခွများ၊ ဂျင်ကလိများနှင့် သံပိုက်များသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ ၃ ဦးကို လှည်းကူးမြို့မရဲစခန်းမှ (ပ)၈၃၂/၂၀၁၆ လက်နက်အက်ဥပဒေပုဒ်မ ၁၉(က)/၁၉(ဂ)တို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

YTN


တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 012488(1116)

ဆရာခန့်၏ ဝမ်းပျော့ အဆီကျဆေး

အနံ့မရှိ၊ ဝမ်းမရစ် တစ်ခါတား(၂)ပြား (မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေး)

ဖုန်း- ၀၉ ၇၃၁၇၉၉၇၃၊ ၀၉၇၈၉၀၈၃၄၈၈





ထူးထူးခြားခြား ပုဏ္ဏားကိုးဘ၀ လှုဝင်စားဗေဒင်ဆရာမ

## ဆရာမ - ဒေါ်မိုးမိုးစံပယ်ဖြူ

စီးပွားရေး ကျန်းမာရေး အိမ်ထောင်ရေး ပညာရေး လူမှုရေး ရာထူးတိုး အမွေကိစ္စ၊ နိုင်ငံခြားကိစ္စ၊ ထီပေါက်လို၊ အိမ်ခြံမြေဆိုင်ခန်းရောင်းဝယ်၊ ကားရောင်းဝယ်၊ ကလေးနာမည် ရွေးလို၊ ငွေရလို၊ ဇာတာဖွဲ့လို၊ ရန်ဖက်၊ မိတ်ဖက်၊ အိမ်ထောင်ဘက်ရွေးချယ်လို၊ လူပျောက်ပြန်တွေ့လို၊ အခက်အခဲအကျပ်အတည်းများကို အမြန်ဆုံးအဆင်ပြေစေရန်...

ထူးခြားထက်မြက်သော ဓာတ်ရိုက်ဓာတ်ဆင်ယတြာဖြင့် စိတ်တိုင်းကျ အထူးဆောင်ရွက်ပေးပါသည်။

**အခြားမြို့နယ်မှ ဟောစာတမ်းများ လက်ခံပါသည်။**

**စာတိုက်မှ ဉာဏ်ပူဇော်ခပို့ပါက ဖုန်းဖြင့် ဖြေကြားပေးပါသည်။**

ဟောခန်းဖွင့်ချိန် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ (ကြိုတင်ရက်ချိန်းပေးသည်)



## ပင်မဝိဇ္ဇာ သမားတော်ကြီး

လိပ်ခေါင်း၊ ဂရင်ဂျီနာဆေးခန်း၏ အထူးကြေညာချက်

သတိ- အမျိုးသမီးများနှင့် အမျိုးသားများ ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ။

### လိပ်ခေါင်း ဂရင်ဂျီနာ စအိုနာ အသီး၊ အထွက်

မင်မဝိဇ္ဇာဆေးခန်းခွဲမရှိ၊ ဖုန်း- ၀၉-၅၁၂၁၇၈၉။ တဆ/၁၁၁၈၇

ပင်မဝိဇ္ဇာ - အမှတ်(၁၉၅)၊ (၃)လွှာ၊ (၂၈)လမ်း(အထက်ဘလောက်)၊ ရန်ကုန်မြို့။ ✆ ၀၁-၃၇၃၆၆၇၃



တဆ - ၁၄၈၄၃

## သစ္စာမေတ္တာ တိုင်းရင်းဆေးကုခန်း

လိပ်ခေါင်းဝေဒနာရှင်များအတွက် သတင်းကောင်း

နှစ်ရှည်လများခံစားနေရတဲ့လိပ်ခေါင်းရောဂါကို သစ္စာ၊မေတ္တာ ဆေးကုခန်း မှဆရာကြီးဦးတင်ရွှေကိုယ်တိုင်ကုသပေးနေပါပြီ။ဆေးထည့်ရာတွင် -

- ✦ ပူခြင်း၊စပ်ခြင်း၊ဆေးဖြင့်စားဆေးတင်ခြင်း၊လိုးဖြတ်ခြင်း၊အနာဖြစ်ခြင်းလုံးဝမရှိ။
- ✦ ခရီးသွားမပျက်၊ အလုပ်အကိုင်မပျက် နေရာ၊ ဒေသမရွေး ဆေးလိမ်း၊

ဆေးသောက်ရုံဖြင့် သင့်လိပ်ခေါင်းရောဂါပိန်ချုပ်ပြီး(ကြွေကျခြင်းပုံထွက်ခြင်း လုံးဝမရှိ)မူလအင်္ဂါအတိုင်း ပြန်ဖြစ်စေရမည်။

(ဂရင်ဂျီနာ၊ နာခေါင်းထိပ်ခတ်နာ၊ ရင်သားအကျိတ်၊ အဖုအကျိတ်၊ ဆီးရောဂါ၊ အနာပေါက်၊ အမျိုးသမီး မီးယပ်ကွက်ရောဂါ၊ သားအိမ်ရောဂါ၊ အစာအိမ်ရောဂါ)

အမှတ်(၃၄)၊ ရန်ပြေ (၁၈)လမ်းထိပ်၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်။

၀၉-၂၅၃၀၈၃၅၇၀၊၀၉-၇၃၁၅၀၂၀၉၊၀၁-၉၁၉၀၃၀၈



## အဆင်ပြေချင်/ပေါင်းချင်/စေ့စပ်၊ လက်ထပ်ခွင့်ရချင်သူများအတွက်

(အိမ်အရောက်ပို့ ဟောစာတမ်း/ယတြာအစီအရင်)

- ✱ ဇနီး/ခင်ပွန်း၊ ချစ်သူနှင့် ကွဲကွာနေရာမှ ပြန်လည်အဆင်ပြေပေါင်းသင်းချင်ပါသလား။
- ✱ မိဘအသိုင်းအဝန်းကြောင့် ခွဲခွာနေရသူများ ပြန်လည်နီးစပ်စေချင်သလား။
- ✱ ချစ်ရသူနှင့် အမြန်ဆုံးစေ့စပ်လက်ထပ်ခွင့်ရချင်ပါသလား။
- ✱ လိုချင်တာယူပြီး ရှောင်ဖယ်ဖယ်ဖြစ်နေသူအား တာဝန်ယူစေချင်သလား။
- ✱ ချစ်သက်တမ်းကြာမြင့်နေပြီး လက်ထပ်ဖို့အရေး အချိန်ဆွဲနေသူကို လက်ထပ်ခွင့်တောင်းစေချင်လား။
- ✱ လမ်းခွဲဖို့ ကွဲကွာဖို့ ပြောဆိုနေသူကို စိတ်ပြောင်းကာ ပြန်လည်အဆင်ပြေချင်ပါသလား။

### အောင်လံထူဆရာဟိန်း(BA,Eco)နှင့် ဆက်သွယ်ကြပါစို့

အမှတ်(၃၉/ခ)၊ သခင်ဝစိန်လမ်း၊ (၃၀)ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်၊ ပင်လုံလမ်းမကြီးအတိုင်း စစ်တောင်းလမ်း(စီးတီးမတ်)မှတ်တိုင်းဆင်း၍ ဆိုက်ကားစီးပြီး ဝင်ခဲ့ပါ။ ဖုန်း ၀၉ ၇၃၁၈၇၆၃၇၊ ၀၉ ၇၉၈၇၀၂၂၈၁၊ ၀၉ ၄၀၁၆၅၇၇၂၆(Viper Phone)

(ဘဏ်အကောင့်မှ ငွေသွင်းပြီး ဗိုက်ဘာ၊ ဖေ့ဘွတ်ချက်ဘောက်များမှ ဟောစာတမ်း/ယတြာလမ်းညွှန်များ ပေးသည်။)

www.free4reader.com



# နိုင်ငံတကာ မှုခင်းများ

■ အောင်ကိုနိုင် စုစည်းတင်ပြသည် ■

## ကမ္ဘာ့သက်တမ်းအရင့်ဆုံး လက်နက်ကိုင်အဖွဲ့ရဲ့နောက်ဆုံးနေ့ရက်များ





ကိုလံဘီယာအစိုးရကို နှစ် ၅၀ ကျော်ကြာ လက်နက်စွဲကိုင်တော်လှန်ခဲ့တဲ့ ကိုလံဘီယာလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ Revolutionary Armed Forces of Colombia (FARC) နဲ့ ကိုလံဘီယာ အစိုးရတို့ဟာ ယခုအခါ အကြွင်းမဲ့ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဟိုလိုလို ဒီလိုလိုမဟုတ်တဲ့ တကယ့်ငြိမ်းချမ်းရေးအစစ်ဖြစ်ပြီး FARC တပ်ဖွဲ့တွေဟာ သူတို့ရဲ့အခြေစိုက် တောတွင်းစခန်းတွေနဲ့ လက်နက်တွေကို စွန့်လွှတ်ဖျက်သိမ်းတော့မှာ ဖြစ်ပါတယ်။ အစိကသဘောတူလိုက်တဲ့ အချက်ကတော့ အာဏာကိုခွဲဝေပြီး တိုင်းပြည်ကို ငြိမ်းချမ်းစွာအုပ်ချုပ်သွားကြဖို့ ဖြစ်ပါတယ်။ ပုံမှာမြင်တွေ့ရတာတွေကတော့ FARC တွေရဲ့ ၎င်းတို့စခန်းများအတွင်းက နောက်ဆုံးပုံရိပ်များဖြစ်ပါတယ်။

## ကပ္ပလီလှေပြိုင်ပွဲလား

ဒီလိုအဖွဲ့လိုက် လှေလှော်တဲ့ပြိုင်ပွဲဟာ တရုတ်ရိုးရာပြိုင်ပွဲတစ်ခုဖြစ်ပြီး ယခုအခါ ကမ္ဘာ့အားကစားနည်းအဖြစ် (နဂါးလှေလှော်) ထည့်သွင်းကျင်းပလာပါတယ်။ ပုံမှာတွေ့ရတာက ကပ္ပလီနဂါးလှေလှော် ပြိုင်ပွဲမဟုတ်ပါဘူး။ လစ်ဗျားကမ်းရိုးတန်းကနေ ထွက်ခွာလာပြီး မြေထဲပင်လယ်ထဲ မျောနေတဲ့ လူမည်းတရားမဝင် ရွှေ့ပြောင်း သူများရဲ့လှေဖြစ်ပါတယ်။ သတ်မှတ်လူဦးရေထက်အဆမတန်တင်တဲ့ အဆိုပါလှေများဟာ မကြာခဏ ပင်လယ်ထဲနစ်မြုပ်ပြီး လူတွေထောင်ပေါင်းများစွာ သေဆုံးခဲ့ပါတယ်။



## ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေး



ကမ္ဘာ့ဘာသာကြီးနှစ်ခုရဲ့ မြစ်ဖျားခံရာဒေသက အစ္စရေးနိုင်ငံဟာ ဘာသာရေးပဋိပက္ခကြောင့် မကြာခဏအကြမ်းဖက်မှုတွေ ဖြစ်နေတဲ့နိုင်ငံပါ။ ဒါပေမဲ့ ပုံမှာမြင်တွေ့ရတာကတော့ မြို့တော် တဲလ်အဗစ်မြို့အနီး မြေထဲပင်လယ်ကမ်းခြေမှာ မျက်မှောက်ခေတ် အစ္စရေးသမီးပျို (ခရစ်ယာန်ဘာသာဝင်)နဲ့ အာရပ်သမီးပျိုတို့ ရေထဲဆင်းဆော့နေတာဖြစ်ပါတယ်။ ရှေးဆင့်နောက်ဆင့် နှစ်အနည်းငယ်ခြားပြီး ပေါ်ပေါက်ခဲ့တဲ့ ဘာသာနှစ်ခုဟာ ယခုအခါ ယဉ်ကျေးမှု အတွေးအခေါ်နဲ့ ဘဝနေနည်း ပုံစံတွေမှာတော့ အစွန်းနှစ်ဖက်မှာ ကွာခြားသွားခဲ့ပါပြီ။

## ကမ္ဘာ့တန်ဖိုးအကြီးဆုံးတိုက်ပွဲ



ဒီတိုက်ပွဲရဲ့ လက်နက်တွေကတော့ ကျည်ဆန်တွေမဟုတ်ပါဘူး။ တန်ဖိုးကြီး ဝိုင်နီ၊ ဝိုင်ဖြူတွေဖြစ်ပါတယ်။ စပိန်နိုင်ငံက ဝိုင်ထွက်ရှိရာ ကမ္ဘာ့ကျော်မြို့ဖြစ်တဲ့ ဟိုရိုမြို့မှာ နှစ်စဉ်ဩဂုတ်လနှောင်းပိုင်းမှာ ကျင်းပနေတာဖြစ်ပါတယ်။ ကမ္ဘာ့အရပ်ရပ်ကပါ လာရောက်ဆင်နွှဲကြပြီး ဝိုင်ဂါလန်သိန်းနဲ့ချီကာ ဖြန်းပက်ကြပါတယ်။ အရှေ့တိုင်းက ရေသဘင်ပွဲများလို ရေသေနတ်များ၊ ပရက်ရှာပန့်များ၊ ရေပုန်းများနဲ့ တစ်ဦးကိုတစ်ဦး ဝိုင်တွေနဲ့ ရွှဲရွှဲစိုအောင်လောင်းနေတာဖြစ်ပါတယ်။ လူတိုင်းဆင်နွှဲလို့တော့ မရပါဘူး။ အထူးရွေးနှုန်း သတ်မှတ်ထားပြီး တူညီဝတ်စုံတွေဝတ်ကာ တစ်နေ့တာ ဆင်နွှဲရတာဖြစ်ပါတယ်။



## ကမ္ဘာ့အကြီးဆုံးသင်္ချိုင်း



အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့တောင်ပိုင်း နာဂျပ်ဖ်မှာရှိတဲ့ Wadi al-Salm သင်္ချိုင်း (အာရပ်စကားဖြင့် ငြိမ်းချမ်းရေးတောင်ကြား ဟု အဓိပ္ပာယ်ရ) ဟာ ကမ္ဘာ့အကြီးဆုံး လက်ရှိသင်္ချိုင်းဖြစ်ပါတယ်။ နာဂျပ်ဖ်ဟာ ရှီယိုက်တို့ရဲ့ မြင့်မြတ်တဲ့မြို့တော်ဖြစ်ပြီး ဆွန်နီအစွန်းရောက်တွေနဲ့ ဖွဲ့စည်းထားတဲ့ IS အဖွဲ့ကို အဓိကခုခံတိုက်ခိုက်တဲ့ တိုက်ခိုက်ရေးသမားတွေရဲ့ မြို့ဖြစ်ပါတယ်။ အဆိုပါသင်္ချိုင်းဟာ အဲဒီလောက်ကြီးမားခဲ့ရခြင်းကတော့ IS တွေနဲ့တိုက်ခိုက်ရင်း ကျဆုံးခဲ့တဲ့ (တိုက်ခိုက်နေဆဲ) ရှီယိုက်တိုက်ခိုက်ရေးသမားတွေကို ထိုနေရာမှာ သာ မြှုပ်နှံနေလို့ဖြစ်ပါတယ်။ အဲဒီနေရာမှာ ပထမဆုံး မြှုပ်နှံခဲ့သူကတော့ တမန်တော် မိုဟာမက်ရဲ့ ညီဝမ်းကွဲ နာလီဘင် အဘီတလစ်ဘ်ဖြစ်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀၀ ကျော်ကဖြစ်ပါတယ်။

## ညင်သာတဲ့ဆန္ဒပြဖြိုခွင်းရေးသမားများ



ဆန္ဒပြသူတွေကို နှိမ်နင်းရာမှာ အခက်အခဲကတော့ လူ့အခွင့်အရေးနဲ့ ကိုက်ညီဟာကွန်ဖင်းရှင်း အချက်အလက်တွေကို မငြိအောင် ကိုင်တွယ်ရတာပါပဲ။ လက်လွန်ခြေလွန် နှိမ်နင်းသူတွေရှိသလို ထိန်းထိန်းသိမ်းသိမ်း နှိမ်နင်းသူတွေလည်း ရှိပါတယ်။ ပုံမှာမြင်တွေ့ရတာကတော့ ပြည်တွင်းစစ်ဖြစ်နေတဲ့ ကွန်ဂိုနိုင်ငံမှာ အစိုးရကို သူပုန်တွေကိုတိုက်ခိုက်နေတာတွေ၊ ပြည်တွင်းရှိ လူမျိုးစုတွေကို ဖိနှိပ်နေတာတွေ ရပ်တန့်ဖို့တောင်းဆိုဆန္ဒပြနေသူများထဲမှ တစ်ဦးကို ကွန်ဂိုစစ်သားတွေက ပစ်ခတ်ခြင်း၊ ရိုက်နှက်ခြင်းမရှိဘဲ အချုပ်ကားရှိရာကို သယ်ဆောင်ဖမ်းဆီးလာတာဖြစ်ပါတယ်။ အဲဒီလူ ရာနဲ့ချီတဲ့ဆန္ဒပြပွဲကို သွေးထွက်သံယိုမရှိဘဲ စစ်တပ်က ဖြိုခွဲခဲ့တယ်လို့ သိရပါတယ်။ ကွန်ဂိုနိုင်ငံ ဘူတမ်ဘိုမြို့မှာ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။

## ကမ္ဘာ့အငယ်ဆုံးဖိုက်တာလေး



အီရတ်နိုင်ငံ ကီယာကွပ်မြို့မှာ အသေခံဗုံးခွဲဖို့ ခန္ဓာကိုယ်မှာ ဗုံးတွေပတ်လာတဲ့ ကလေးငယ်ကို ရဲတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးရမိခဲ့ပြီး ကိုယ်ခန္ဓာပေါ်က လက်နက်တွေကို ဖယ်ရှားပေးတာဖြစ်ပါတယ်။ ၁၂ နှစ်အရွယ်သာရှိတဲ့ ထိုတိုက်ခိုက်ရေးသမားလေးက လုံခြုံရေးတပ်ဖွဲ့တွေကို ပြန်လည်ကြိမ်းမောင်းတိုက်ခိုက်နေတာ ဖြစ်ပါတယ်။